ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၄ ၊ အမှတ် ၁၁ | ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလ ၁ ရက်

## အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးကျော်ထင်အား NACCS Oversea Project Team (NOPT) ၏ Short Term Expert များမှ လာရောက်တွေ့ဆုံခြင်း



အကောက်ခွန်ဦးစီးဌာန၏ MACCS စနစ်နှင့် အခြားနည်းပညာဆိုင်ရာကိစ္စရပ်များအား ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါသည့် NACCS Oversea Project Team (NOPT) မှ Short-Term Expert များဖြစ်သော Mr.Shigeaki Kamo ၊ Mr. Shoichi Komiga ၊ Mr Kazuko Uetsuji နှင့် Mr. Masayuki Hirota တို့သည် (၂၀-၈-၂၀၁၉) ရက်နေ့ နံနက်ပိုင်းတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် လာရောက် တွေ့ဆုံ၍ MACCS စနစ်နှင့် အခြားနည်းပညာပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါ လာရောက်တွေ့ဆုံသည့်အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် MACCS ဌာနခွဲမှ Sub-WGs Leader များ တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာနနှင့် Ntt Data Myanmar Co., ltd တို့၏ သဘောတူစာချုပ်လဲလှယ်ပွဲအခမ်းအနား



MACCS စနစ် အသုံးပြုလျက်ရှိသည့် Data Center နှင့် ဆိပ်ကမ်းများရှိ Hardware ပစ္စည်းများ အသစ်ယူတပ်ဆင်ခြင်းနှင့် အသစ်လဲလှယ်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကို (၂၄-၃-၂၀၁၈) ရက်နေ့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သော တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရာတွင်Hardware ပစ္စည်းများ အသစ်ဝယ်ယူတပ်ဆင်ခြင်းအတွက် KMD Co., ltd မှ လည်းကောင်း၊ အသစ်လဲလှယ်ခြင်းဆိုင်ရာကိစ္စရပ်အတွက် NTT Data Myanmar Co., ltd မှလည်းကောင်း အသီးသီးတင်ဒါအောင်မြင်ခဲ့ကြပါသည်။

အဆိုပါ စာချုပ်အား လဲလှယ်ပွဲအခမ်းအနားကို (၂၆-၈-၂၀၁၈) ရက်နေ့တွင် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် NTT Data Myanmar Co., ltd ၏ Head of System Management Department 1 မှ Executive Manager ဖြစ်သူ Mr. Masatsugu Yamaguchi နှင့် အဖွဲ့ဝင်များ တက်ရောက်၍ လဲလှယ်ခဲ့ကြပါသည်။

# မဲခေါင်သိပ္ပံမှ ဆောင်ရွက်ပေးမည့် Coordinated Border Management (CBM) ဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း




၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဧယျာသီဟခန်းမ၌ နံနက် (၉:၀၀) နာရီမှ (၁၄:၃၀) အထိ မဲခေါင်သိပ္ပံမှ ဆောင်ရွက်ပေးမည့် Coordinated Border Management (CBM) ဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပါသည်

ဆွေးနွေးပွဲတွင် International Conventions and Practices in Coordinated Border Manage–ment (CBM) and Trade Facilitation, Coordinated Border Management in the Greater Mekong Sub–Region (GMS) Myanmar and its Neighboring Countries, Single Window as part of Customs Modernization for Trade Facilitation အချက်များအား အဓိကထားဆွေးနွေးခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် CIQ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သောဌာနများနှင့် အကောက်ခွန်ဦးစီးဌာန မှ ကိုယ်စားလှယ် စုစုပေါင်း (၂၁) ဦး တက်ရောက်ခဲ့ပါသည်။

# မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ (Customs Tariff of Myanmar 2022 –MCT 2022) ပြုစုရန်အတွက် အစည်းအဝေးကျင်းပခြင်း



၂၀၁၉ခုနှစ် ၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဧယျာသီဟခန်းမ၌ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ (Customs Tariff of Myanmar 2022 –MCT 2022) ပြုစုရန် အတွက် အစည်းအဝေးအား ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသည် ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO) ၏ သက်ဆိုင်ရာအခန်းအလိုက် ပြင်ဆင်ချက်များအရ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ (Customs Tariff of Myanmar 2022 –MCT 2022) ပြုစုရေးအတွက် အခန်း (၃၀) မှ (၄၉) အတွင်းရှိ အကောက်ခွန်နှုန်းလိုင်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာနများ ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါအစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန ၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ၊ မြန်မာနိုင်ငံပျော့ဖတ်နှင့် စက္ကူလုပ်ငန်း ၊ ပလပ်စတစ်လုပ်ငန်းရှင်များအသင်း ၊ MCBA ၊ ကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း ၊ UMFCCI ၊ သစ်တောဦးစီးဌာန ၊ မြန်မာ့သစ်လုပ်ငန်း ၊ ဗဟိုစာရင်းအင်းအဖွဲ့ ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ၊ အမှတ် (၁) (၂) (၃) အကြီးစားစက်မှုလုပ်ငန်း ၊ မြန်မာ့ဆေးဝါးလုပ်ငန်းတို့မှ ကိုယ်စားလှယ် စုစုပေါင်း (၅၁) ဦး တက်ရောက်ခဲ့ပါသည်။

# အိုဇုန်းလွှာထိခိုက်ပျက်စီးစေသော ဒြပ်ပစ္စည်းများ တင်သွင်း/တင်ပို့ခြင်း စီမံခန့်ခွဲမှုဆိုင်ရာ (အဆင့်-၂) သင်တန်းဖွင့်လှစ်ခြင်း




၂၀၁၉ခုနှစ် ၊ ဩဂုတ်လ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်း ခန်းမ၌ အိုဇုန်းလွှာ ထိခိုက်ပျက်စီးစေသော ဒြပ်ပစ္စည်းများ တင်သွင်း/တင်ပို့ခြင်း စီမံခန့်ခွဲမှုဆိုင်ရာ (အဆင့်-၂) သင်တန်းဖွင့်ပွဲကျင်းပခဲ့ပါသည်။

သင်တန်းကျင်းပပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အိုဇုန်းလွှာထိခိုက်ပျက်စီး စေသောဒြပ်ပစ္စည်းများ တင်သွင်း/တင်ပို့ခြင်းများကို စီမံခန့်ခွဲနိုင်ရန် နှင့် တရားမဝင် တင်သွင်း/တင်ပို့မှုများ ကို စနစ်တကျ စစ်ဆေးအရေးယူနိုင်ရေး အသိပညာဗဟုသုတများ ရရှိစေရန်နှင့် အခြားဆက်စပ်ဌာနများ၏ လုပ်ငန်းတာဝန်များကို သိရှိနိုင်စေရန် ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ အကောက်ခွန်ဦးစီးဌာန ၊ ကုန်သွယ်ရေးဦးစီးဌာန ၊ စားသုံးသူရေးရာဦးစီးဌာန ၊ စိုက်ပျိုးရေးဦးစီးဌာန ၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ် စုစုပေါင်း (၃၀) ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၆၃.၁၆၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၇၄) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၀၆၃.၁၆၇) သန်းဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်




ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် နှင့် ကုန်လှောင်ရုံတို့တွင် တားဆီး/ဖမ်းဆီးမှု (၁၀) မှု ခန့်မှန်းတန်ဖိုးကျပ် (၂၂.၂၈၆) သန်းရှိသည့်အနက် ၇-၈-၂၀၁၉ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် (ပြည်ပဆိုက်ရောက်) ၌ လေယာဉ်ခရီးစဉ်အမှတ် OD 552, SF-10910 ဖြင့် မလေးရှားနိုင်ငံ မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Dietary Supplement (1) Pkg, (82) Bottles၊ ခန့်မှန်းတန်ဖိုးကျပ် (၁.၂၉၂) သန်းအား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၆၃.၁၆၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်းတားဆီး/ဖမ်းဆီးခြင်း







ဆိပ်ကမ်းတားဆီး/ဖမ်းဆီးမှု အနေဖြင့် (၂) မှု ခန့်မှန်းတန်ဖိုးကျပ် (၂၉) သန်းရှိသည့် အနက် ၂၉-၈-၂၀၁၉ ရက်နေ့တွင် MITT ဆိပ်ကမ်း၌ United GP Depelopment CO., LTD မှ တင်သွင်းလာသော Fabric ပစ္စည်းများအား တာဝန်ကျ အကောက်ခွန် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ item (3) မှာ ID, Invoice တွင် ကြေညာထားသည့် ပစ္စည်းအမျိုးအစားနှင့် ကွဲလွဲ၍ Fabric FB02 BFZ038 Sunny (B/O Coated) (C/O China), 5474 $m^2$ (79 Rolls) အား ခန့်မှန်းတန်ဖိုးကျပ် (၄၀.၂၀၀) သန်းအားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၆၃.၁၆၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း









နယ်မြေတားဆီးမှုအနေဖြင့် (၁၆၂) မှု ရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၀၁၁.၈၈၁) သန်းရှိသည့်အနက် ၁၀-၈-၂၀၁၉ ရက်နေ့တွင် (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်း မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် တရားမဝင် ကွမ်းစားဆေး (၁၂၄၄) U ၊ ခန့်မှန်းတန်ဖိုးကျပ် (၁.၄၀၄) သန်းအားစစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၆၃.၁၆၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၁-၈-၂၀၁၉ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း မှ ရှောင်တခင် စစ်ဆေးမှုများဆောင်ရွက်စဉ် ပန်ဖတ်ကျေးရွာအနီး ရပ်တန့်ထားသော (၆)ဘီး ယာဉ် (၁) စီး နှင့် (၁၂)ဘီး ယာဉ် (၁) စီး တို့ပေါ်တွင် တရားမဝင် တင်ဆောင်လာသော ကျွန်းသစ်တုံးနှင့် ခွဲသားများ (၃၀.၈၆၁) တန် နှင့် ပစ္စည်းတင်ဆောင်လာသော ယာဉ် (၂) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၀၇.၃၈၀) သန်းအားစစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၆၃.၁၆၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၃-၈-၂၀၁၉ ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ ရှောင်တခင် စစ်ဆေးမှုများဆောင်ရွက်စဉ် ရွှေဖြူရာဘာခြံအနီး၊ လက်ပြကျေးရွာအနီး၊ သစ်စိမ့်ပင်ကျေးရွာအနီး၊ Feel စားသောက်ဆိုင်အနီး နှင့် စိန်ကလဲ့လမ်းခွဲအတွင်းတို့တွင် လမ်းဘေး၌ ရပ်တန့်ထားသည့် TOYOTA MARK II ယာဉ် (၂)စီး၊ TOYOTA RACTIS SCP ယာဉ် (၁)စီး၊ HONDA AIRWAVE ယာဉ် (၁)စီး၊ HONDA FIT ယာဉ်(၁) စီး၊ MITSUBISHI PAJERO ယာဉ်(၁)စီး စုစုပေါင်း လိုင်စင်မဲ့ယာဉ် (၆) စီး၊ ခန့်မှန်းတန်ဖိုးကျပ် (၅၃) သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီး ခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဩဂုတ်လ အတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၂ မှု | ၂ မှု | ၂၅.၃၅ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၈၂.၃၈ သန်း |
| | စုစုပေါင်း | - | ၃ မှု | ၃ မှု | ၁၀၇.၇၃ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၉) ရက်နေ့ မှ (၃၁-၈-၂၀၁၉) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၇) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၄၉၂.၄၉၉) သန်းအား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# သတ္တုချိပ်စည်းဝယ်ယူရေးအတွက် တင်ဒါခေါ်ယူသည့် အခမ်းအနားကျင်းပခြင်း



ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲတွင် ၂၀၁၉ ခုနှစ် ဩဂုတ်လ (၂၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော သတ္တုချိပ်စည်းဝယ်ယူရေးအတွက် တင်ဒါခေါ်ယူသည့် အခမ်းအနားအား ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင် ဦးစီး၍ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ်ခဲ့ရာ အဆိုပြုဈေးနှုန်း အနည်းဆုံး တင်သွင်းခဲ့သည့် Myanmar Mega Fortris Co., Ltd မှ သတ္တုချိပ်စည်းတစ်ခုလျှင် (၁၈၇.၅ x ၅၀၀၀၀ = ၉၃၇၅၀၀၀) ကျပ်နှုန်းဖြင့်တင်ဒါအောင်မြင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ




Biolite Net Finger Print and Card Reader များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။



Solar System နှင့် ပတ်သက်သည့် ပစ္စည်းများ တင်သွင်း လိုပါသဖြင့် လိုင်စင်လို/မလို အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။




Artificial Lather ၏ Duty Rate အား မေးမြန်းရာ အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။